အတွဲ ၅၅။ အမှတ် ၄၅။

ရွှေသွေး
Shwe thway

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၃) ရက်၊ (11 - 11 - 2023)

# မိတ်ဆွေစကား မပယ်ရှားနှင့်

ဇာတ်လမ်း ကြည်ဇော်
ကာတွန်း ဝင်းမြင့်အောင်

# A Good Friend's Words Should Not Be Neglected

Story: Kyi Zaw
Illustrations: Win Myint Aung

ရှေးအခါက ဘုရားအလောင်းရွှေဟင်္သာသည် အစာစားရာမှ ပြန်လာတိုင်း ပေါက်ပင်တစ်ပင်တွင် ဝင်၍နားလေ့ရှိသည်။



Long long ago, Golden Brahminy Duck, Bodhisattva, usually perched on a parrot tree no matter when he came back after eating food.

ကြာလာသောအခါ ရွှေဟင်္သာနှင့် ပေါက်ပင်စောင့်ရုက္ခစိုးတို့ ခင်မင်သွားကြသည်။




With the passage of time, Golden Brahminy Duck and guardian spirit of the parrot tree became friendly with one another.

တစ်နေ့တွင် ညောင်သီးစားလာသော ငှက်မတစ်ကောင်သည် ပေါက်ပင်ခွကြား၌ မစင်စွန့်ခဲ့လေသည်။



One day, a female bird that ate the fruit of the Banyan tree defecated at the fork of the parrot tree.

အချိန်တန်သော် ညောင်စေ့မှ အပင်ပေါက်လာ၏။



After some time, a plant grew from a Banyan seed.

ရွှေဟင်္သာက အပင်ပေါက်လာသော ညောင်ပင်ကို မြင်လေရာ -




When Golden Brahminy Duck saw a Banyan plant growing, he said like this.
"You the guardian spirit, get rid of this Banyan plant."




"Friend, a Banyan tree naturally destroys a big tree it depends on when it is growing bigger."




"My friend Golden Brahminy Duck, I' don't want to destroy the small Banyan plant. I'm well aware that one day, I'll have to take shelter in the shade of the Banyan tree."




Without taking heed of the admonishment of Golden Brahminy Duck,




... the guardian spirit of the parrot tree let the Banyan plant grow on.

ထိုအချိန်မှစ၍ ရွှေဟင်္သာမင်းမှာ ပေါက်ပင်တွင် နားခိုခြင်း မပြုတော့ပေ။



Since then Golden Brahminy Duck had not perched on the parrot tree.

ညောင်ပင်လည်း အကိုင်းအခက်များ ကြီးထွားလာကာ ပေါက်ပင်ကို ဝါးမျိုသွားတော့သည်။



With the branches of the Banyan tree growing bigger, the parrot tree was completely covered by them.

ထိုအခါ ပေါက်ပင်စောင့်နတ်သည် ပေါက်ပင်နှင့်အတူ သူ၏ ဘုံဗိမာန်ပါ ပျက်စီးသွားတော့၏။



Consequently the guardian spirit lost his abode together with the parrot tree.
Ah Hee ... Hee.

ညောင်ပင်စောင့်နတ်တစ်ပါးသည်လည်း ဘုံဗိမာန်နှင့်တကွ ပေါ်လာတော့သည်။



A guardian spirit of the Banyan tree appeared along with his abode.

ညောင်ပင်ကို ကိုးကွယ်သူများလည်း ရောက်လာကြသည်။





Likewise, those who worshiped the Banyan tree also emerged. "Please help us."




Finally the parrot tree vanished into thin air and only the Banyan tree was growing bigger.




Thus, the guardian spirit of the parrot tree came to know his mistake of not obeying the words of warning of Golden Brahminy Duck.




Now the guardian spirit of the parrot tree lost his abode and was in trouble.




"It happened like this, simply because I didn't listen to the words of my friend Golden Brahminy Duck. As a matter of fact, I should have got rid of this Banyan plant previously."

End.

## ခုနစ်ထွေအကအကြောင်း သိကောင်းစရာ

ကိုဇော်ဌေး (ယဉ်ကျေးမှု)



ခုနစ်ထွေအကဆိုသည်မှာ အကခုနစ်မျိုးကို တစ်လှည့်စီ ကရသော အကတစ်မျိုးဖြစ်သည်။ တီးလုံးတီးကွက်အလိုက် အိုးစည်အက၊ ဒိုးပတ်အက၊ မျောက်အက၊ ဘီလူးအက၊ ဇော်အက၊ ဝန်အကနှင့် စည်တော်အကတို့၏ ကကြိုးကဟန်များကို ကြားတီးလုံးတို့ဖြင့် ဆစ်ပိုင်း၍ကပြခြင်းဖြစ်သည်။ တစ်ဦးတည်း ကပြပါက ရုပ်ပြောင်း ရုပ်လွှဲဖြင့် ကပြရသည်။ ရုပ်သေးရုပ်လေးများဆိုပါက အရုပ်ပြောင်း၍ ကကြရသည်။ အရုပ်တစ်မျိုးနှင့် တစ်မျိုးအကြား အသက်ရှူခွင့်ရရှိစေရန် သဘောဆောင်သည့် ကြားတီးလုံးမှာ သင့်မျှရုံ စက္ကန့်ပိုင်းသာရှိသည်။

ယင်းအကကို အချို့သင်လက်စ သက်ရှယ် အငယ်ပိုင်းများက ပရိသတ်ပျော်ရွှင်စေရန် ဆန္ဒဖြည့်သည့်သဘောဖြင့် ရှေ့ပိုင်းပဒေသာကဏ္ဍတွင် ထည့်သွင်းကပြကြသည်။

ရုပ်အလိုက် မျက်နှာ၊ ကိုယ်ထား၊ လက်ဟန်၊ ခြေယူ၊ အမူစရိုက်တို့ဖြင့် သိုက်မြိုက်ပီပြင်စွာ သရုပ်ဖော် ကပြနိုင်ပါက ငြီးငွေ့ဖွယ်မရှိချေ။ ရုပ်သေးပွဲများတွင် မြင်း၊ မျောက်၊ ဘီလူး၊ ဇော်တို့ပါဝင်သည့် ဟိမဝန္တာခန်းကို ကပြပြီးပါက ခုနစ်ထွေအကကိုထပ်မံမကပြတော့ချေ။ အရုပ်များထပ်နေသဖြင့် ပရိသတ် ငြီးငွေ့မည်စိုးသောကြောင့် မကပြခြင်းဖြစ်သည်။


လူကသည့် ကပွဲတို့၌လည်း နတ်ကတော်၊ အပျိုတော်အကတို့တွင် ခုနစ်ထွေ အရုပ်ထဲမှ အကမျိုး ပါပြီးပါက ခုနစ်ထွေအကကို နောက်ထပ် ကပြခြင်းမရှိကြချေ။ အပျိုတော် ၁၂ ထွေ အကထဲတွင် (၁) နတ်အက၊ (၂) မြင်းအက၊ (၃) ဖြောအက၊ (၄) အိုးစည်အက၊ (၅)မျောက်အက၊ (၆) ဘီလူးအက၊ (၇) ဇော်ဂျီအက၊ (၈) ဝန်အက၊ (၉) ဒိုးပတ်အက၊ (၁၀) အပြောင်အရွှန်းအက၊ (၁၁) သူငယ်တော်အကနှင့် (၁၂) အဘိုးအိုအကတို့ ပါဝင်သောကြောင့် အကချင်းထပ်၍ ပညာချင်းခတ်ကာ ပရိသတ်အတွက် မျက်စိပသာဒ မဖြစ်တော့ချေ။ ဤအကမျိုး မပါပါက တင်ဆက်၍ကောင်းသည်။ ပွဲကျဖို့သာ ရှိသည်။ ပရိသတ်အတွက် အမြင်သစ်ဆန်းစေမည်ဖြစ်သည်။

အချို့က အပျိုတော်အကထဲမှ အရုပ် ခုနစ်ရုပ်ကို ယူကာ (ဥပမာ- အပျိုတော်အက၊ မြင်း၊ မျောက်၊ ဘီလူး၊ ဇော်၊ ဝန်နှင့် သူငယ်တော်အကတို့ဖြင့် ခုနစ်ထွေအကကို ကပြခြင်းမျိုးလည်း ရှိသည်။

အများနားလည်ထားသည့် ခုနစ်ထွေအကရုပ်တို့မှာ အိုးစည်၊ ဒိုးပတ်၊ မျောက်၊ ဘီလူး၊ ဇော်၊ ဝန်နှင့် စည်တော်အကတို့သာ ဖြစ်သည်။

ကလေးများ ဗဟုသုတဖြစ်စေရန် အလို့ငှာ ခုနစ်ထွေအကတွင် ပါဝင်သည့် အိုးစည်အက၊ ဒိုးပတ်အက၊ မျောက်အက၊ ဘီလူးအက၊ ဇော်အက၊ ဝန်အကနှင့် စည်တော်အကတို့နှင့် ပတ်သက်သည့် အကြောင်းရပ်များကို ဆက်လက်ထုတ်ဝေမည့် ရွှေသွေးစာစောင်များတွင် ဖော်ပြသွားမည် ဖြစ်ပါသည်။ ။



မောင်ရှိုင်းဝဏ္ဏကျော်၊
Grade-2
ဘ.က ကျောင်း၊
လှိုင်သာယာမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။



မစုကေလင်းစံ၊ Grade- 1
အမှတ်(၆၄) အ.မ.က၊ ရွှေချီရပ်ကွက်၊
ပျဉ်းမနားမြို့ နေပြည်တော်။




မောင်သက်ထွေးပိုင်၊ Grade-2
ဘကဘုန်းတော်ကြီးကျောင်း၊
ညောင်ရွာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

စာတည်းအဖွဲ့

စာတည်းမှူးချုပ် ဦးတိုးကျော်၊ စာတည်းမှူး ဒေါ်ယဉ်မင်းထွေး၊
စာတည်း ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်အိအိငယ်၊ ဒေါ်ခင်ခင်ထွေး
ကွန်ပျူတာ ဒေါ်အေးသီတာ၊ ဒေါ်အင်ကြင်းကိုကို


ကာတွန်း★
ရဲ့
အယူအဆ
မင်းပြောတာ မဟုတ်ဘူးကွ။ ငါပြောတာမှန်တယ်။
မင်းပြောတာလည်း မဟုတ်ဘူးကွ။ ငါပြောတာမှ မှန်တာ။
အဲ... ကိုက်ပုန့် ဝတုတ် ဘာတွေငြင်းခုံနေတာပါလိမ့်။
အိမ်မြှောင်မို့လို့ ငါက အိမ်မြှောင်လို့ ပြောတာ။ ဘာမှား နေလို့လဲ ။
နေပါဦး။ မင်းတို့ နှစ်ယောက် ဘာတွေ ငြင်းခုံနေတာ လဲကွ။
ဒီလိုကွ ချက်ရှုရ။ သူ့လက်ထဲက အိမ်မြှောင်ကို ငါက အိမ်မြှောင်လို့ပြောတာကို ကိုက်ပုက မှားတယ်တဲ့ကွ။
မှားတာပေါ့ ဝတုတ်ရ။ ငါ့ ခေတ်တိုင်းက ဖမ်းလာတာမို့ ခေတ်မြှောင်လို့ ပြောတာကို ဘာမှားလို့လဲ။
အိမ်မြှောင်ဆိုတာ လူတိုင်းသိတယ်။ မင်းက ငါ့ကို သက်သက်မဲ့ ကတ်ပြောနေတာ။
ဩော်... ဒီလိုကိုး ။


ငါက ကတ်ပြောတာ မဟုတ်ဘူး။ အမှန်ကိုပြောနေတာ။ ဟုတ်တယ်မဟုတ်လား ချက်ရှု။
အင်း... သူတို့ နှစ်ယောက် တစ်နေကုန် ငြင်းခုံနေလည်း ပြီးမှာမဟုတ်ဘူး။ ဒီတော့-
ငါက ဆရာကြီးလုပ်ပြီး ပညာပေးလိုက်ဦးမယ်။ ဟင်း... ဟင်း... ဟင်း...
ကဲ...ဒီကိစ္စကို ငါဆုံးဖြတ်ပေးရင် မင်းတို့ နှစ်ယောက် သဘောတူမှာလား။
တူတယ်... တူတယ်။
မင်းတို့ နှစ်ယောက်စလုံးပြောတာ မှားနေတယ်။ အဲဒါ အိမ်မြှောင်လည်း မဟုတ်ဘူး၊ တောက်တဲ့လည်း မဟုတ်ဘူး။
ဟင်...ဒါဆို ဘာလဲ ချက်ရှု။
အခု မင်းလက်ပေါ်မှာ တွေ့ရလို့ လက်မြှောင်လို့ ခေါ်တယ်ကွ။ မသေမချင်း မှတ်ထား။
ဟိုက်...
အမ်...
မြို့




ညနေကျောင်းဆင်းချိန်တွင် ပြည့်စုံသာ၏ အိမ်ပြန်ခြေလှမ်းများက သွက်လက်နေသည်။ အဖေသိရင် မည်သို့ရှိမည်နည်း။ အမေကရော ချီးကျူးလေမလား။ အတွေးများဖြင့် အိမ်ပေါ်သို့ ပြေးတက်လာခဲ့သည်။ အိမ်ပေါက်ဝတွင် မေမေက ဆီးကြိုနေသည်။

"အမေ့သားလေး မောပါဦးမယ်ကွယ်။ ပေး ကျောင်းလွယ်အိတ်"

အမေသည် သူ့ကို ထွက်ကြိုတတ်ပြီး ကျောင်းကိစ္စများကို မေးမြန်းတတ်သည်။

"စာလိုက်နိုင်ရဲ့လား။ အိမ်စာတွေရောပါလား"

"မေမေရယ်၊ အမောလေး ဖြေပါရစေဦး"

"အေးပါ သားရယ်။ အမေ့သားကိုချစ်လို့ သားရဲ့ကျန်းမာရေးကအစ လိုလေသေးမရှိအောင် စောင့်ရှောက်ရသလို သားပညာရေးအပိုင်းမှာလည်း မချို့တဲ့ရအောင် ဂရုစိုက်ရမှာက အမေ့တာဝန်လေ။ ပြောပါဦး လပတ်စာမေးပွဲအခြေအနေ"

ပြည့်စုံသာ ပြုံးစစနှင့် ကျောပိုးအိတ်ကို ဆွဲဖွင့်ကာ–

"ဒန် တန် တန်... မေမေ ဒီမှာကြည့်"

အမေ မျက်လုံးပြူးသွားသည်။

"ဟယ် ဘာသာစုံ အေအဆင့်ရတယ် ဟုတ်လား။ တော်လိုက်တာ အမေ့သားက"

"မေမေ၊ ဖေဖေရောဟင်"

"သားဖေဖေ၊ ရုံးက ပြန်လာကတည်းက သတင်းနားထောင်နေတယ်"

ပြည့်စုံသာလည်း လပတ်စာမေးပွဲရလဒ်မှတ်တမ်းကို နောက်တွင်ဖွက်၍ အဖေ့ဆီကို သွားလိုက်သည်။ အဖေသည် အိမ်ရာထက်တွင် သတင်းနားထောင်နေသည်။ သူ့ကို မြင်သည်နှင့် "သားပြန်လာပြီလား။ နောက်မှာ ဖွက်ထားတာ ဘာလဲ။ အဖေ့ကို ပြပါဦး" ဟု ဆိုသည်။ သူနှင့် အဖေက အဲဒီလိုပဲ။ အဖေသည် သူ့စိတ်ကို ခန့်မှန်းနိုင်သူဖြစ်သည်။

"ဖေဖေ... မှန်းကြည့်"

အဖေက မျက်လုံးမှိတ်၍ စဉ်းစားဟန်ပြုကာ "ကေန္တ သားရဲ့ လပတ်စာမေးပွဲမှတ်တမ်းစာရွက်ဖြစ်ရမယ်။ ဘောပင်သွားယူ။ အဖေ လက်မှတ်ထိုးပေးမယ်"

ပြည့်စုံသာ မျက်နှာရှုံ့မဲ့သွားသည်။

"သွားပါပြီ ဖေဖေရာ။ သားက ဖေဖေ့ကို Surprise (စပရိုက်)တိုက်မလို့ဟာ။ ဖေဖေက ကြိုသိနေတယ်။ ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဖေဖေ ဆုချရမယ်။ ဒီမှာကြည့်"

ဖေဖေ မျက်လုံးပြူးသွားသည်။

"ဟ ဖေ့သားက တော်လိုက်တာ။ ဘာသာစုံ အေအဆင့်ရပါလား၊ ဆုချမယ် မုန့်ဖိုးငါးရာ"

ပြည့်စုံသာ ပျော်သွားသည်။ အဖေ့ဆီက ငါးရာကျပ်၊ အမေ့ဆီက နှစ်ရာကျပ် ရလိုက်သည်။ သူ့စုဘူးမှာ အဖေပေးထားသည့် အိတ်တစ်လုံးပင်ဖြစ်သည်။ ထိုပိုက်ဆံအိတ်ထဲတွင် မုန့်ဖိုးများ ရှိသည်။ ပိုက်ဆံအကြွေများလာလျှင် အဖေ့ထံမှ ငါးထောင်တန်တစ်သောင်းတန်နှင့် လဲလှယ်သည်။ ပိုက်ဆံစုခြင်းသည် အသုံးအဖြုန်းကို နားလည်စေသည် မဟုတ်ပါလား။

"မေမေရေ ပိုက်ဆံက တစ်သိန်းလေးသောင်းလောက်ရနေပြီ"

ရာဂဏန်းသာ မုန့်ဖိုးရသည့် ပြည့်စုံသာတစ်ယောက် ငွေကို တန်ဖိုးထားသည်။ တော်ရုံတန်ရုံဆို ကျောင်းတွင်မုန့်ဝယ်မစားပေ။ အိမ်မှ ထည့်ပေးလိုက်သည့် မုန့်ကိုသာ စားသည်။ သူ့အရွယ်၊ သူ့အတန်းဖော်များရရှိသည့် မုန့်ဖိုးပမာဏကိုသိသော်လည်း မိဘထံတွင် အပူကပ်၍ မုန့်ဖိုးတိုးတောင်းသည့်အကျင့်လည်း မရှိပေ။ ရသမျှ ပိုက်ဆံနှင့် ရောင့်ရဲနိုင်စွမ်းရှိသည်။

"သားတို့အတန်းထဲမှာ မင်းထက်စံက တစ်နေ့ မုန့်ဖိုး တစ်ထောင်၊ သွန်းသီရိစံက သုံးထောင်၊ ခန့်မြင့်မြတ်က ထောင့်ငါးရာ၊ တချို့ဆို တစ်နေ့ ငါးထောင်လောက်တောင် သုံးတာ။ သူတို့စားတဲ့ မုန့်ထုပ်တွေက ထောင်ကျော်တန်တယ် ဖေဖေရဲ့"

သူ့မှာ နေ့စဉ် မုန့်ဖိုးသုံးရာကျပ်သာ ရသည်။ လစာထုတ်ရက်ရောက်တိုင်း အဖေက သူ့ကို တစ်လစာ မုန့်ဖိုး တစ်သောင်းပေးသည်။ စာမူခရတိုင်းလည်း စာမူတစ်ပုဒ်လျှင် မုန့်ဖိုးပမာဏ သတ်မှတ်ပေးထားသည်။

"ဒါပေမဲ့ သားမုန့်ဖိုး ဘယ်လောက်ရရ ဘာမှမဖြစ်ဘူး။ မုန့်ဖိုးလည်း တိုးမတောင်းဘူး။ မိဘပေးသလောက်ပဲ ယူမှာ။ ဖေဖေကလည်း စာမူခရတိုင်း ဆောင်းပါးပါရင် ငါးရာ၊ ကလေးဝတ္ထုပါရင် နှစ်ရာ့ငါးဆယ် သတ်မှတ်ပေးထားတော့ စုငွေတွေ ပိုရတာပေါ့"

အမေက သူ့စကားကို ပြုံးပြုံးကြီးနားထောင်နေသည်။

"သားက ငွေတွေစုပြီး ဘာလုပ်မှာလဲ"

ပြည့်စုံသာ စဉ်းစားသည်။ ပြီးမှ " သားက ငွေတွေ များလာတာ မြင်ချင်တာ။ ငွေဆိုတာ သုံးလွန်းရင် အကုန်မြန်တယ်။ စုမှသာ ကိုယ့်လက်ထဲ ငွေရှိတာဆိုတော့ ငွေစုတဲ့ အရသာကို သဘောကျလို့" ဟု ခပ်အေးအေး ဆိုလိုက်သည်။

"ယောက်ျား၊ ရှင့်သားကို ငွေစုတာသင်ပြီး အသုံးနဲ့အဖြုန်း ညီမျှအောင်လည်း သင်ပေးဦးလေ။ တော်ကြာ သားက ငွေကို စုပဲစုတတ်ပြီး သုံးရကောင်းမှန်း မသိမှာစိုးလို့" အဖေက သူ့ပုံစံအတိုင်း မျက်နှာတည်ကြီးနှင့် သူ့ကို ကြည့်နေသည်။

"ငါ့သားအကြောင်း ငါသိတယ်"

"သိလည်းပြီးတာပဲ။ တော်ကြာ သားက စုတာနဲ့ ကပ်စေးနဲတာ မကွဲပြားဖြစ်နေမှာစိုးလို့ ဒီကပြောနေတာ။ စုလည်းစု၊ စားလည်းစားတတ်အောင် ကိုယ့်သားကို ဆုံးမ။ သားက ရှင်ပြောတဲ့အတိုင်း တစ်သဝေမတိမ်း လိုက်လုပ်တာ"

ဟုတ်ပေသည်။ အချက်ကျကျ ပြောဆိုဆုံးမတတ်သည့် အဖေ၏ ဆိုဆုံးမမှုကို ပြည့်စုံသာ လက်ခံသည်။ အဖေ့စကားတိုင်းကို လက်တွေ့လုပ်သည်။

"ငါ့သားက ကပ်စေးမနဲပါဘူး။ သူက သုံးရမယ့်အချိန်ဆို စွန့်ရဲတယ်၊ သုံးစွဲရဲတယ်"

တစ်နေ့သော ညနေခင်းတွင် ရုံးပြန်၊ ကျောင်းပြန် မိသားစုသုံးယောက် စီးပွားရေးအကြောင်း စကားလက်ဆုံကျနေကြသည်။ အဖေက မြေအကြောင်းပြောသည်။ အမေက ရွှေအကြောင်း ပြောသည်။

"သား ကားစီးချင်တယ် ဖေဖေ"

အမေက အဖေ့ကို လှမ်းကြည့်လိုက်သည်။ အဖေက သူ့ကို သွေးတိုးစမ်းသည်။

"အဖေ့မှာ ကားဝယ်ဖို့ ပိုက်ဆံမလောက်ရင် သားစုထားတဲ့ ငွေကို ပေးမလား" ပြည့်စုံသာ တွေဝေမနေဘဲ ချက်ချင်းပင် သူစုထားသည့် ပိုက်ဆံအိတ်ကို ယူပေးသည်။

"ရတယ် ဖေဖေ။ ဖေဖေသာ ကားဝယ်မယ်ဆို သား ပိုက်ဆံတွေပေးမယ်။ သားက ငွေကို သူ့နေရာနဲ့သူ သုံးတတ်တယ်။ ပိုက်ဆံက ပြီးရင် ထပ်စုလို့ရတယ်"။ အဖေက မိန့်မိန့်ကြီးပြုံး၍ အမေ့ကိုကြည့်သည်။

"တွေ့လား၊ ငါ့သားက အသုံးနဲ့အဖြုန်းကို ကောင်းကောင်းခွဲတတ်သူဆိုတာ မင်းမြင်ပြီလား"

အမေလည်းခေါင်းတညိတ်ညိတ်နှင့် "ရှင်နဲ့ရှင့်သားက အတိုင်းအဖောက်ညီနေတာပဲ" ဟုဆိုရာ သားအဖနှစ်ယောက် အသံထွက်၍ ရယ်လိုက်ကြလေသည်။ ။

## ရွှေသွေးတို့လက်ရာ ပန်းချီများ ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း


စာပေဗိမာန်က ရွှေသွေးဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်း ထုတ်ဝေလျက်ရှိပြီး ရွှေသွေးအထူးထုတ်စာအုပ်များကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိပါတယ်။ ယခုအခါ ရွှေသွေးအထူးထုတ် (၂၀၂၄) ကို ထုတ်ဝေဖို့ စီစဉ်လျက်ရှိပါတယ်။ ရွှေသွေးအထူးထုတ်မှာ ရွှေသွေးချစ်သူကလေးတို့ ပါဝင်နိုင်ဖို့အတွက် ကလေးလက်ရာ ပန်းချီပြိုင်ပွဲကိုလည်း ဖိတ်ခေါ်ပါတယ်။ ကလေးလက်ရာ ပန်းချီပြိုင်ပွဲမှာ အသက် ၅ နှစ်မှ ၁၂ နှစ်ကြားကလေးငယ်များ ပါဝင်နိုင်ပါတယ်။ ပြိုင်ပွဲဝင် ပန်းချီလက်ရာတွေမှာ ကလေးတို့ရဲ့ စိတ်ကူးနဲ့ ပန်းချီလက်ရာအကြောင်းကို ခေါင်းစဉ်လေးတွေ ဖော်ပြပေးကြပါနော်။ ပန်းချီအတွက် စာရွက်အရွယ်အစားကို $A_4$ စာမျက်နှာ ၁ မျက်နှာ သတ်မှတ်ထားပါတယ်။

ပြိုင်ပွဲဝင်လက်ရာတွေထဲက အကောင်းဆုံးပန်းချီလက်ရာ ၅ ခုကို ရွေးချယ်ကာ ရွှေသွေးအထူးထုတ် (၂၀၂၄) မှာ ဖော်ပြမှာ ဖြစ်ပြီး ရွှေသွေးအထူးထုတ် စာအုပ် ၁ အုပ်နဲ့ ဉာဏ်ပူဇော်ခ တစ်သောင်းကျပ်စီ ဆုချီးမြှင့်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကလေးတို့ ပါဝင်ယှဉ်ပြိုင်နိုင်မယ့်'ကလေးဉာဏ်စမ်း' ကဏ္ဍကို ရွှေသွေးအထူးထုတ် (၂၀၂၄) မှာ ထည့်သွင်းမှာဖြစ်တဲ့အတွက် လက်မလွတ်တမ်း ဝယ်ယူဖို့ ကြိုတင် သတင်းစကားပါးလိုက်ပါတယ်။

ပြိုင်ပွဲဝင်လက်ရာတွေနဲ့အတူ ကလေးတို့ရဲ့ အမည်၊ အသက်၊ အတန်း၊ ကျောင်း၊ နေရပ်လိပ်စာ၊ ဆက်သွယ်နိုင်မယ့် ဖုန်းနံပါတ်နဲ့ ပတ်စပို့အရွယ် ဓာတ်ပုံလှလှလေးတွေ ထည့်ပေးဖို့လည်း မမေ့ကြနဲ့နော်။ ပြိုင်ပွဲဝင်စာမူတွေကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထားပြီး အောက်ဖော်ပြပါ လိပ်စာနဲ့ E-mail များသို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သတင်းကောင်းပါးအပ်ပါတယ်။

ရွှေသွေးဂျာနယ်၊ စာပေဗိမာန်၊ အမှတ် ၅၂၉-၅၃၀၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။
E-mail - yinminhtwemyanmar@gmail.com, kyikyimyint214@gmail.com, een63449@gmail.com


ဖိုးတစ်တို
ကာတွန်း - သန်းဦး
ပုစု ဘယ်က ပြန်လာတာလဲ။
ကျောင်းက ပြန်လာ တာ။
ကျောင်းပိတ် တယ်လေကွာ။
ကျောင်းပိတ်တာကို သိပါတယ်။
ကျောင်းမှာ သန့်ရှင်းရေး သွားလုပ်တာကွ။
ဖော်ဖော် ဘယ်က ပြန်လာ တာလဲ။
လမ်းထိပ်မှာ မြောင်းသွားရှင်း တာကွ။
အပိုအလုပ်တွေ။
သား ဖိုးတစ်တို ကျောင်းပိတ်ရက်မှာ မင်း ဘာတွေလုပ်နေလဲ။
စာလည်း မကြည့်။ ဂိမ်းနဲ့ပဲ အချိန်ကုန်နေ တယ်။ မင်းရဲ့ သူငယ်ချင်းတွေဆို ...
အားရင် ရပ်ကွက်သန့်ရှင်းရေး၊ ကျောင်းသန့်ရှင်းရေး လုပ်တယ်။ မင်းက တော့ အကျိုးရှိတာ ဘာမှမလုပ်ချင်ဘူး။
ဟုတ်ကဲ့ ဖေဖေ။ သားလည်း သူတို့လို လုပ်အားပေး လုပ်ပါ့မယ်။
ပြီး




အဘိုး ဦးထွန်းခင်သည် အသက်ခုနစ်ဆယ်ကျော် နေပြီဖြစ်သော်လည်း သီလသမာဓိကောင်း၍လားမသိ၊ အတော်လေးပင် ကျန်းမာသန်စွမ်း၏။ ရပ်ကွက်ထဲတွင် လမ်းလျှောက်ရင်း လေကောင်းလေသန့်ရှူကာ ကျန်းမာရေး လိုက်စားလေ့ရှိသည်။ အဘိုးသည် ညနေ နေဝင်မိုးချုပ်သည်နှင့် ဘုရားရေချမ်းလဲ၊ မီးပူဇော်၊ ဘုရားရှစ်ခိုးအ လုပ်ကို နေ့စဉ်မပြတ်လုပ်နေသည်။ နေ့စဉ် တရားမြဲခြင်းနှင့် မေတ္တာပို့မှုကြောင့် ရွာသူရွာသားများ အေးချမ်းသာယာစွာ ရှိကြသည်။

ဝါတွင်း၊ ဝါပ ဥပုသ်နေ့များတွင်လည်း ဥပုသ်စောင့် မပျက်ကွက်ခဲ့ပေ။ မြေး၊မြစ်များသည် ကျောင်းပိတ်ချိန်တွင် အဘိုးဦးထွန်းခင်၏အိမ်တွင် လာရောက်စုဝေးကြကာ သန့်ရှင်းရေးလုပ်ပေးကြသည်။

ကန်တော့ထားသော မုန့်ပဲသွားရည်စာများကို ချကျွေးကာ ရှေးဟောင်းနှောင်းဖြစ် ပုံပြင်လေးများကို ပြောပြတတ်သည်။ ထို့ကြောင့် ကျောင်းပိတ်ရက်တွင် အဘိုးဦးထွန်းခင်၏အိမ်တွင် မြေး၊ မြစ်များ စုံလင်၍ ကလေးများရော အဘိုးပါ ပျော်ရွှင်နေကြသည်။ ယနေ့ တနင်္ဂနွေကျောင်းပိတ်ရက်ဖြစ်၍ ကလေးများရောက်လာကာ အဘိုးဦးထွန်းခင်ကို ပုံပြောပြရန် တောင်းဆိုနေကြသည်။

"ကဲ ငါ့မြေးတို့ကို ပုံပြောတာတော့ ဟုတ်ပါပြီ။ ပုံပြင်ထဲကအတိုင်းရော လိုက်နာကြမှာလား"

အဘိုးဖြစ်သူက မေးသဖြင့် မြေး၊ မြစ်အားလုံး ဝန်ခံကတိ ပေးလိုက်ကြကာ အဘိုးပြောမည့်ပုံပြင်ကို မျှော်လင့်နေကြသည်။

"ဒါဆိုရင် အဘိုးတို့ ငယ်ငယ်တုန်းက တကယ့်အဖြစ်အပျက်လေးကို ပြောပြမယ်နော်"

"ဟုတ်ကဲ့ပါ အဘိုး"

"အဲဒီတုန်းက ရွာသာယာဆိုတဲ့ ရွာကြီးတစ်ရွာရှိတယ်ကွဲ့။ ရွာသားတွေကလည်း စည်းစည်းလုံးလုံးနဲ့ နေထိုင်ကြပြီး တစ်ဦးနဲ့တစ်ဦးလည်း ရိုသေကိုင်းရှိုင်းကြသတဲ့။ တစ်ရွာလုံး ကျန်းမာချမ်းသာကြပြီး ဘေးဥပဒ်ခပ်သိမ်း ကင်းငြိမ်းကြတယ်။ လယ်၊ယာ၊ကိုင်း၊ကျွန်းတွေဟာလည်း ဖြစ်ထွန်းအောင်မြင်ပြီး ပျော်ရွှင်နေကြတာပေါ့ကွယ်"

"အဲဒီလို ရွာသာယာရဲ့ သတင်းကိုကြားကြတော့ ပတ်ဝန်းကျင်ရွာအနီးရှိ အခြားရွာသူရွာသားတွေကလည်း သဘောကျပြီး ကုန်ရောင်းကုန်ဝယ်တွေ ပြုလုပ်ကြတာမို့ အရောင်းအဝယ်တွေကောင်းပြီး စည်ကားနေကြတာပေ့ါ။ ရွာအဝင် ညောင်ပင်ကြီးကလည်း နှစ်၁၀၀ နီးပါးရှိပြီး အကိုင်း၊ အခက်၊ အရွက်တွေဟာ ဝေဝေဆာဆာနဲ့ ကျေးငှက်သာရကာတွေကလည်း စုံလို့ပါပဲကွယ်။ အဲဒီသစ်ပင်ကြီးအောက်ကို ဝင်ရောက်ခိုနားလိုက်တာနဲ့ ခရီးသွားတွေ၊ ဈေးသည်တွေမှန်သမျှ အေးချမ်းသွားတာပဲတဲ့ကွယ်။ ရေချမ်းစင်လေးလည်း ရှိနေပြီး နံနက်မိုးမလင်းမီ ရွာသူရွာသားတွေဟာ တာဝန်သိသိနဲ့ အမှိုက်လှည်း၊ ရေဖြည့်နဲ့ စိတ်ချမ်းမြေ့စရာ ရွာသာယာရွာလေးပါပဲတဲ့ကွယ်"

"အဘိုး သမီးတို့လည်း အဲဒီရွာလေးမှာနေရရင် ပျော်စရာကောင်းမှာပဲနော်"

"အေး ပျော်စရာကောင်းတာပေ့ါကွယ်။ ပျော်စရာကောင်းအောင် စည်းစည်းလုံးလုံးနဲ့ ရိုးရိုးသားသား နေထိုင်ကြတာကိုးကွဲ့"

"အဲဒီလို ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြရင်း တစ်နေ့မှာတော့ အမျိုးသားတစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက်တို့ဟာ ကုန်သည်တွေနဲ့အတူ ပါလာသတဲ့ကွယ်။ ဈေးသည်၊ကုန်သည်တွေကလည်း သူလို၊ကိုယ်လို ခရီးသွားတွေပဲ ထင်တာပေ့ါ။ ရွာသူရွာသားတွေကလည်း သတိမထားမိကြဘူးလေ။ ညနေ နေဝင်မိုးချုပ်တော့ ရွာထိပ်က အိမ်ကိုဝင်ပြီး ထမင်း တောင်းစားကြသတဲ့"

"ဗျို့ အိမ်ရှင်တို့... အိမ်ရှင်တို့။ ကျုပ်တို့က ခရီးသွားဧည့်သည်တွေပါ။ အချိန်မမီ ရွာမပြန်နိုင်ကြလို့ ကျုပ်တို့ လင်မယားနှစ်ယောက်ကို ထမင်းကျန်၊ ဟင်းကျန်လေး စွန့်ပါခင်ဗျ။ ရွာဦးထိပ်က ဇရပ်လေးမှာလည်း အိပ်ခွင့်ပြုပါ"

"အဲဒီလို တောင်းဆိုလာတော့ အိမ်ရှင်ကလည်း ကျကျနန ဧည့်ခံကျွေးမွေးတာပေ့ါ။ ညအိပ်မယ်ဆိုရင်လည်း အိမ်မှာတင် တည်းခိုနိုင်ကြောင်းပြောပြီး ဖော်ရွေစွာ ဧည့်ဝတ်ကျေတာပေ့ါကွယ်။ ဒါပေမဲ့ သူတို့က ထမင်းပဲစားပြီး ဇရပ်လေးမှာပဲ အိပ်ကြတာပေ့ါ။ နံနက်မိုးလင်းလို့ အိမ်ရှင်က ရွာထဲကလူတွေကို အကျိုးအကြောင်းပြောပြလိုက်တဲ့အခါ ရွာထဲက လူတွေက ထမင်းကျန်၊ ဟင်းကျန်လေးတွေပေးပြီး ညအိပ်တာကအစ ဖျာ၊ခေါင်းအုံး၊ စောင်၊ ခြင်ထောင်တွေ ပေးကြတာပေ့ါ"

"အဘိုး သူတို့က ဘယ်နှရက်တောင် နေလို့လဲ၊ အမျိုးတွေ မရှိဘူးလား"

"အေး သူတို့ကတော့ အကြောင်းရှိလို့ နေမှာပေ့ါကွယ်"

"ဟုတ်ကဲ့ အဘိုး ဆက်ပြောပါဦး"

"ဒီလိုနဲ့ သူတို့နှစ်ယောက်ဟာ ပျောက်သွားလိုက်၊ ပြန်လာလိုက်ပေ့ါ။ ရွာသူရွာသားတွေကလည်း သတိမထားမိကြဘဲ အရောင်းအဝယ်သမားတွေပဲ ထင်ကြတာပေ့ါ။ ဥပုသ်သီတင်း သီလဆောက်တည်တဲ့ နေ့တွေ၊ လပြည့်၊ လကွယ်ညတွေဆိုရင် ရောက်လာတတ်ကြပြီး ဘုန်းတော်ကြီးကျောင်းကိုတော့ မသွားကြဘူးကွဲ့။ နောက်တော့ သူတို့ ဝင်ထွက်ပါများလာတော့ သူတို့ ရောက်လာတဲ့ညတွေဆို တစ်ရွာလုံး ခွေးတွေက အူတော့တာပဲ။ ကြာလာတော့ ကလေးသူငယ်တွေ နေထိုင်မကောင်းဖြစ်ပြီး ဖျားကြ၊ နာကြနဲ့ လန့်ပြီးကြောက်နေကြရပါရောကွယ်"

"ဒါနဲ့ ရွာသူရွာသားတွေ၊ လူကြီးတွေကလည်း ထိတ်လန့်ချောက်ချားပြီး သတိထားနေကြတာပေ့ါ၊ ရွာထဲမှာလည်းအိမ်မွေးကြက်၊ ဘဲ၊ ဝက်တွေလည်းမပျောက်စဖူး ပျောက်နေကြတာပေ့ါ။ အဲဒီသတင်းဟာ တစ်စနဲ့ တစ်စရွာဦးကျောင်းဆရာတော်ထံကို ရောက်သွားသတဲ့။"

"သူတို့နှစ်ယောက်က ညဘက် ရွာထဲကိုဝင်ပြီး ကြက်တွေ၊ ဘဲတွေကို လာခိုးတာလား အဘိုး"

"အေး ခိုးရုံတင် မဟုတ်ဘူးကွဲ့။ အန္တရာယ်ပါ ပေးလာကြတာပေ့ါ"

"ဒါနဲ့ ဆရာတော်က သူတို့လာခဲ့ရင် ဘုန်းကြီးဆီ ခေါ်လာခဲ့ဖို့ ရွာသူ၊ ရွာသားတွေကို ပြောထားတာပေ့ါ။ ပြန်သွားပြီး တစ်ပတ်လောက်ကျတော့ ညဘက်ကြီးမှာ ရောက်လာကြလေသတဲ့။ ရွာသူရွာသားတွေက မနက်ကျမှပဲ ဘုန်းတော်ကြီးဆီ ခေါ်သွားမယ်ဆိုပြီး နေလိုက်ကြတာပေ့ါ။ သူတို့ ရောက်လာတဲ့ညမှာပဲ တစ်ရွာလုံး ခွေးတွေအူ၊ တိရိစ္ဆာန်တွေကလည်း လန့်ဖျပ်ပြီး ခြံထဲမှာ တစ်ကောင်နဲ့တစ်ကောင် တိုးပြီးအော်နေကြပြန်တယ်"

"အဲဒီမှာတင် ဘုန်းကြီးက ညတွင်းချင်း ရွာသားတွေကို ဆင့်ခေါ်ခိုင်းလိုက်သတဲ့။ ဘုန်းကြီးကျောင်းကို ရွာသားတွေရောက်လာတော့ ဆရာတော်က မိန့်ကြားသတဲ့"

"ကဲ ဒကာတို့ အခု ရွာထိပ်မှာ မကောင်းဆိုးဝါးတွေ ရောက်နေတာကို ငါဘုန်းကြီးသိမြင်နေရတယ်"

"အဲဒီလို ပြောလိုက်တော့ ရွာသူ၊ ရွာသားတွေဟာ အံ့သြသွားကြတာပေ့ါ။ အမှန်တကယ်ကတော့ ဆရာတော်ဟာ သီလ၊ သမာဓိနဲ့ ပြည့်စုံပြီး မေတ္တာတရားအစွမ်းနဲ့မို့ သိမြင်နေတာပေ့ါကွယ်"

"ဒါနဲ့ အဲဒီညမှာပဲ သူတို့ကို ရွာသူရွာသားတွေက စောင့်ဖမ်းကြတာပေ့ါ"

"ဘယ်လို ဖမ်းကြလဲ အဘိုး"

"ဆရာတော်က ချည်မန်းကွင်းနဲ့ ပရိတ်ရွတ်ပေးလိုက်တာပေ့ါ၊ အဲဒီမှာပဲ ရွာထိပ်ကနေ လူကြီးတွေ စောင့်ပြီး ရွာထဲအဝင်မှာ ဆရာတော်ရဲ့ အစီအမံနဲ့ ဖမ်းကြတာပေ့ါ"

"မိတော့ သူတို့က ဘာပြောကြလဲ အဘိုး"

"တကယ်တော့ သူတို့ဟာ လူတွေ မဟုတ်ဘူးတဲ့။ လူယောင်ဆောင်ထားတဲ့ ဘီလူးမလင်မယား ဖြစ်လေသတဲ့"

"အောင်မယ်လေး၊ ကြောက်စရာကြီးနော် အဘိုး၊ တော်သေးတာပေ့ါ မိသွားလို့"

"မိလည်းမိရော ဘီလူးတွေက ဝန်ခံတော့တာပေ့ါ"

"ကျုပ်တို့ဟာ ဘီလူးတွေ ဖြစ်ကြပြီး အသင်တို့ရွာရဲ့ သာယာမှု၊ စည်းလုံးညီညွတ်မှု၊ ပျော်ရွှင်မှုတွေကို မလိုလားတဲ့ ဆရာတစ်ပါးက ကျုပ်တို့ကို မွေးမြူကျွေးမွေးထားပြီး ခိုင်းစေခြင်းကြောင့် ကျုပ်တို့ သူ့လက်က မလွတ်နိုင်ဘဲ ခိုင်းတဲ့အတိုင်း လုပ်ကြရတာပါ"

"အဲဒီလို ဘီလူးတွေက တောင်းပန်တော့ ဆရာတော်က မေတ္တာသုတ်ရွတ်ပြီး ပရိတ်ရေနဲ့ အမျှအတန်း ပေးဝေလိုက်သတဲ့"

"ဒါဆို အဘိုး သူတို့လည်း ပျောက်သွားတာပေ့ါနော်"

"အေးပေ့ါကွယ်။ ကျွတ်လွတ်သွားတယ်လို့ ပြောရမှာပေ့ါ။ သူတစ်ပါးကောင်းစားတာတွေ၊ သာယာပျော်ရွှင်တိုးတက်နေတာတွေကို နှောက်ယှက်ချင်ကြတဲ့ သဘာဝပေ့ါကွယ်"

"ဒါပေမဲ့ စည်းလုံးညီညွတ်ပြီး သီလ၊ သမာဓိရှိကြတဲ့ သူတွေကို စော်ကားရင် ဒုက္ခတွေ တန်ပြန်ခံရတာပဲ ငါ့မြေးတို့ရေ"


ကဲ ငါ့မြေးတို့လည်း သီလသမာဓိရှိအောင်၊ ဘုရားတရားမြဲအောင် စည်းစည်းလုံးလုံးနဲ့ မေတ္တာထားပြီး နေထိုင်ကြပေ့ါကွယ်။

"ဟုတ်ကဲ့ အဘိုး၊ အဘိုးရဲ့ ပုံပြင်လေးက မှတ်သားစရာကောင်းသလို တန်ဖိုးလည်းရှိလို့ သမီးတို့ လိုက်နာကျင့်သုံးပြီး နေထိုင်ကြပါမယ် အဘိုး"

"အေး။ သာဓု ... သာဓု... သာဓုပါကွယ်"

X X X X X


ဗဟုသုတ
ကာတွန်း ထဝရ
ဇာတ်လမ်း ကြည်ရှင်းသန့်
Knowledge
Story: Kyi Shin Thant
Illustrations: Htawaya
တစ်ခါက ဗဟုသုတအလွန်နည်းသော မောင်ရိုးဆိုသူ ရှိလေသည်။
Once, there was a man by the name of Maung Yoe who was devoid of knowledge.
တစ်နေ့တွင် မောင်ရိုးသည် မြို့မှ ဆားထုပ် တစ်ထုပ်ကို ဝယ်ယူခဲ့ပြီး တောနက် တစ်နေရာရှိ သစ်ခေါင်းပေါက်ထဲသို့ ထည့်ထားလိုက်၏။
One day, he put a packet of salt bought from town into the hollow of a tree in a dense forest.
မနက်စောစောထ၍ ဆားထုပ်ကိုယူရင်း "အင်း ငါတောင် ယူလို့ ဒီလောက်လွယ်နေရင် သူခိုးဆို ပိုဆိုးတာပေါ့။"
Then he got up early in the morning and took the packet of salt back He thought like this.
"Even if I can take it back that easily, it will be easier for a thief to find and take it out."
တစ်ဖန် သစ်ခေါင်းထဲမှ ဆားထုပ်ကို အရွက်များသောနေရာတွင် ထားလိုက်ပြန်သည်။
After that he put the packet of salt from the hollow of a tree among a leafy place.
နောက်တစ်နေ့တွင် သစ်ရွက်များအကြားမှ ပြန်ဆွဲယူလိုက်၏။ အင်း ... သူခိုးတွေက ပိုစေ့စပ်ရင် ငါ့ဆားထုပ်ကို တွေ့မှာ -
Next day, he took it out from among the leaves.
"Hmm! If thieves are thorough, they will surely find the packet of salt."
မောင်ရိုးသည် ဆားထုပ်ထားရန် နေရာကို တစ်ညလုံး စဉ်းစားရင်း မိုးလင်းသွားတော့သည်။
ဆားကို အထုပ်လိုက်ထား
တာထက် အလွတ်ထားရင်
ပိုစိတ်ချရမှာ သေချာတယ်။
Maung Yoe was thinking of where to put the packet of salt the whole night until dawn broke.
"It'll be more secure to put the salt somewhere without packing it rather than put the salt somewhere in a packet."


သစ်ရွက်များကြားတွင်လည်း စိတ်မချ၍ နေရာပြောင်းထားရန် စိတ်ကူးမိတော့၏။
ဆားကို အိတ်လိုက်ထားလို့ မဖြစ်ဘူး၊ အလွတ်ဖွက်ထားမှ။
Then, he thought to move the packet of salt to the other place as putting it in the hollow of a tree was not secure.
"It is not appropriate to put the salt somewhere in a packet. I'd better hide it without a packet."
စမ်းချောင်းနားရောက်သော် အကြံတစ်ခု ရလာတော့သည်။
ဒီရေထဲမှာ ထားရမယ်။
He got an idea when he got near a stream.
"I must put it in the water."
ထို့နောက် ကျောက်တုံးများကိုဖယ်၍ အိတ်ထဲမှ ဆားများကို ကျောက်တုံး များ ကြားထဲသို့ လောင်းထည့်လိုက်တော့သည်။
Then, he removed the rocks and emptied the salt out of the packet into among them.
ထို့နောက် ကျောက်တုံးကို ပြန်လည်ဖိထားလိုက်သည်။
စိတ်ချရအောင် ဖိထား ရမယ်။
After that, he piled up the rocks again.
"I must put one rock on another in order to be secure."
နောက်တစ်နေ့နံနက်တွင် စိတ်မချ၍ ကျောက်တုံးအောက်မှ ဆားများကို မ ကြည့်ရာ ဆားများသည် အရည်ပျော်ကုန်၏။
အခုမှပဲ စိတ်ချရတော့ တယ်။
Next day, when he lifted the rocks and looked at the salt under them, no salt was found as it was dissolved in water.
"It's been completely secure now."
မောင်ရိုးသည် ဆားကို ရေထဲထားလျှင် ပျော်သွားနိုင်သည်ဆိုသည့် အဖြစ်မှန်ကိုမသိရှာဘဲ ပျော်နေ၏။ "ဒီအကြံကို အစကသိရင် မပင်ပန်း တော့ဘူး ... ဟီး။"
ငါကိုယ်တိုင်တောင် မတွေ့တာ သူခိုးဆို ဘယ်တော့မှ ရှာတွေ့မှာ မဟုတ်ဘူး။
End. ပြီး
Maung Yoe was happy without knowing the truth for the simple reason that he did not have the knowledge that when salt was put in water, it could be dissolved.
"If I know this idea from the beginning, I would not be tired. Hee... When I myself don't find the salt, how can a thief discover it?"

# English Grammar for Shwe thway
## ရွှေသွေးအင်္ဂလိပ်သဒ္ဒါ

**KML**

ဒီကဏ္ဍမှာ အထူးပြုဖော်ပြနေတာကတော့ အခြေခံအင်္ဂလိပ်သဒ္ဒါနဲ့ စပ်လျဉ်းတဲ့ သိမှတ်စရာတွေပဲ ဖြစ်ပါတယ်။ ကျောင်းသား၊ကျောင်းသူတွေနဲ့ အင်္ဂလိပ်စာကို မိမိဘာသာ ဆရာလွတ် လေ့လာနေတဲ့သူတွေရဲ့ လေ့လာသင်ယူမှုမှာ အထောက်အကူဖြစ်စေဖို့ ရည်ရွယ်ပါတယ်။ ပြီးခဲ့တဲ့ သတင်းပတ်တွေမှာ ထုတ်ဝေခဲ့တဲ့ ရွှေသွေးစာစောင်မှာတော့ အင်္ဂလိပ်စကားပြောရာမှာ ရှည်လျားတဲ့ဝါကျတွေကို ပြန်ပြောတဲ့အခါ အဓိပ္ပာယ်ရှင်းလင်းနေပါက အချို့စကားလုံးတွေကို ချန်လှပ်ထားပြီး Auxiliary Verb (အကူကြိယာ) နဲ့ အတိုချုံ့ပြောတာကို ရှင်းလင်းတင်ပြခဲ့ပြီး လေ့ကျင့်ခန်းတွေလည်း ပေးခဲ့ပါတယ်။ ရွှေသွေးစာစောင် အတွဲ ၅၅၊ အမှတ် ၄၃ ကိုပြန်လည်ဖတ်ရှုပါ။ အခုတစ်ပတ်မှာလည်း စကားလုံးအချို့ ချန်လှပ်ပြီးပြောတဲ့ အလားတူ နောက်သင်ခန်းစာတစ်ခုကို တင်ပြပါမယ်။

### ❑ So am I ; nor do I etc.

ပုဂ္ဂိုလ်နှစ်ဦး ဒါမှမဟုတ် အရာဝတ္ထုနှစ်ခု A နဲ့ B ရှိရာ A ဟာ B ကဲ့သို့ အလားတူဖြစ်တယ်။ ဒါမှမဟုတ် A ဟာ B လုပ်သလိုလုပ်တယ် စသည်ဖြင့် ပြောဆိုတဲ့အခါ Auxiliary Verb (အကူကြိယာ) ကိုသုံးပြီး အတိုချုံ့ပြောလေ့ရှိပါတယ်။ အဲဒီပုံစံရဲ့ ပုံသေနည်းကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

| So + Auxiliary Verb + Subject |
|---|

Auxiliary Verb တွေကတော့ Be(am, is, are, was, were), Have (has, have, had),Do(do, does, did) နဲ့ Modal Auxiliary (can, could, will, would, shall, should, may, might, must) တို့ပဲ ဖြစ်ပါတယ်။ ဥပမာဝါကျတွေကို လေ့လာကြည့်ပါ။

eg.

'I'm hungry.''**So am I.**'('so I am.' ဟု မရေးရပါ)
ငါဗိုက်ဆာတယ်။ ငါလည်းဗိုက်ဆာတာပဲ။

Mya Mya's stopped her lessons, and **so has Hla Hla.**
မြမြက သူ့သင်ခန်းစာတွေကို ရပ်လိုက်တယ်။ လှလှကလည်း ရပ်လိုက်တာပဲ။

'My brother works in the theatre.''**So does his friend.**'
ကျွန်တော်ရဲ့ အစ်ကိုက ကဇာတ်ရုံမှာ အလုပ်လုပ်တယ်။ သူ့ သူငယ်ချင်းလည်း အဲဒီမှာ အလုပ်လုပ်တာပဲ။

**Exercise**

အောက်တွင်ပေးထားသော စကားပြောဝါကျများတွင် So ကိုသုံး၍ အဓိပ္ပာယ်ပြည့်စုံအောင် ရေးပေးပါ။ အဖြေဥပမာပေးထားပါသည်။ကွင်းအတွင်းမှစကားလုံးကို ဒုတိယဝါကျ၏ Subject အဖြစ်ယူပါ။

1. 'My job's boring.'(+ mine) ...'So is mine.'...
2. 'My room gets very cold at night.' (+ mine) 'So does mine.'..................
3. 'Anna is very interested in history.' (+ Alice)..........................................
4. 'My grandfather plays golf all day.' (+ my father)....................................
5. 'I can swim under water.' (+ I) ..................................................
6. 'Peter wants a bicycle for Christmas.' (+ Carla)..........................................
7. 'Joe has just got married.'(+ Edward) ..................................................

အထက်တွင် ဖော်ပြထားတဲ့ စကားပြောဝါကျတွေဟာ Affirmative (အဖြေဝါကျ) တွေ ဖြစ်ပါတယ်။ ဒါကြောင့် So နဲ့တွဲပြီး အတိုချုံ့ပြောပါတယ်။ Negative (အငြင်းဝါကျ) တွေအတွက်ကတော့ Neither ဒါမှမဟုတ် nor နဲ့တွဲပြီး အတိုချုံ့ပြောရပါတယ်။ အဲဒီ Negative ဝါကျတွေရဲ့ ပုံသေနည်းကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

| Neither or nor + Auxiliary + Subject |
|---|

အထက်ပါ ပုံစံနဲ့ပြောတဲ့ ဥပမာဝါကျတွေကို လေ့လာကြည့်ပါဦး။

eg.

'I'm not working today.''**Neither am I.**'
ကျွန်တော် ဒီနေ့အလုပ်မလုပ်ဘူး။ ကျွန်တော်လည်း မလုပ်ပါဘူး။

'Zaw Zaw can't drive.''**Nor can Kyaw Kyaw.**'
ဇော်ဇော်ကားမမောင်းနိုင်ဘူး။ ကျော်ကျော်လည်း မမောင်းနိုင်ပါ။

Toe Toe doesn't like the boss, and **neither does Soe Soe.**
တိုးတိုးက အထက်လူကြီးကို မကြိုက်ဘူး။ စိုးစိုးလည်း မကြိုက်ဘူး။

**Exercise**

အောက်တွင်ပေးထားသော စကားပြောဝါကျများကို Neither သို့မဟုတ် nor ကိုသုံး၍ အဓိပ္ပာယ်ပြည့်စုံအောင် ရေးပေးပါ။ ကွင်းအတွင်းမှ စကားလုံးကို ဒုတိယဝါကျ၏ Subject အဖြစ်ယူပါ။ အဖြေဥပမာ ပေးထားပါသည်။

1. Max didn't play very well, and (the others) nor did the others/ neither did the others.
2. The soup wasn't very good, and (– the meat)..........................................
3. 'Rob hasn't phoned yet.' (– Gemma) ..................................................
4. 'This dictionary doesn't show pronunciation.'(– this one)..............................
5. 'I can't cook.' (– I) ..............................
6. His parents won't help him, and (– his friends)..................................

ဒီသင်ခန်းစာမှာ မှတ်သားစရာ အချက်တစ်ခုက A နဲ့ B နှစ်ခုရှိတဲ့အနက် A ဟာ B လိုမဟုတ်ဘူး၊ B နဲ့ မတူဘူးလို့ပြောတဲ့အခါ Subject + Auxiliary Verb ဖြင့်ဝါကျတိုများသုံးပြီး ပြောဆိုနိုင်ပါတယ်၊ ဥပမာဝါကျတွေကို လေ့လာကြည့်ပါ။

'I'm not going to school today.''**I am.**'
ဒီနေ့ငါကျောင်းမတက်ဘူး၊ ငါတော့တက်မယ်။

Some people don't like modern art, **but I do.**
အချို့လူတွေက ခေတ်သစ်အနုပညာကို မကြိုက်ဘူး၊ ဒါပေမဲ့ ငါတော့ ကြိုက်တယ်။

'I like this music.''**I don't.**'
ငါဒီတေးဂီတကိုကြိုက်တယ်၊ ငါတော့မကြိုက်ဘူး။


The food was cheap, but **the drinks weren't.**
အစားအသောက်က ဈေးချိုတယ်၊ ဒါပေမဲ့ သောက်စရာတွေက ဈေးမချိုဘူး။


**Exercise**

အောက်တွင် စကားစုများပေးထားပါသည်။ ၎င်းတို့ကိုသုံး၍ တစ်ယောက်နှင့် တစ်ယောက် သို့မဟုတ် တစ်ခုနှင့် တစ်ခု မတူညီကြောင်းပြဆိုရန် ဝါကျများရှိ ကွက်လပ်များတွင် အဓိပ္ပာယ် အဆက်အစပ်ကိုကြည့်၍ မှန်ကန်စွာ ဖြည့်ပေးပါ။ အဖြေဥပမာ ပေးထားပါသည်။


| | |
|---|---|
| My father | the green ones |
| my car | her sister |
| the back door | |

1. 'My father works too hard.' 'My father doesn't.'..................
2. 'The red apples aren't very sweet.' 'The green ones are.'
3. The front door wasn't open, but ..................................................
4. 'Mary hsa passed all her exams.' 'Yes, but ..............................................'
5. 'My car doesn't use a lot of petrol.' ..................................................


ကာတွန်း သိန်းကျော်
ကျေးဇူးကန်းတဲ့သူ
တစ်ခါက ရွှေရှာဖို့ထွက်လာတဲ့ ပုဏ္ဏားကြီးတစ်ယောက်ဟာ တောအုပ်ကိုဖြတ်ရင်း—
ညည်းသံပါလား။
အသံကြားတဲ့နေရာကို ကြည့်လိုက်တော့ တွင်းကြီးထဲမှာ လူတစ်ယောက်၊ ကျား တစ်ကောင်နဲ့ မြွေတစ်ကောင်တို့ တွင်းထဲက မတက်နိုင်တာကို တွေ့ရတယ်။
သူတို့ဟာ ပုဏ္ဏားကြီးထံကို အကူအညီ တောင်းကြတော့ ပုဏ္ဏားကြီးဟာ ကျားနဲ့မြွေက သူ့ကို ရန်ပြုကြမလားလို့ စဉ်းစားနေတာပေါ့။
သူတစ်ပါး အသက်ကယ်ရင်း သေရင်တောင် မြတ်ပါတယ်လေ။
အဲဒါနဲ့ ပုဏ္ဏားကြီးဟာ အားလုံးကို တွင်းထဲကနေ အပေါ်ကို ဆွဲတင် ပေးလိုက်တာပေါ့။
ကျေးဇူးပဲ။
ကျေးဇူးတင်ပါတယ်နော်။
ကျေးဇူးပါပဲဗျာ။
ကျားကလည်း သူနေတဲ့ဂူကို လာခဲ့ဖို့ပြောပြီး ထွက်သွားသလို မြွေကလည်း ကိစ္စပေါ်လာရင် သူ့ကို တလိုက်ပါ။ သူလာပြီး ကူညီမယ်လို့ ပြောသွားတယ်။ လူကတော့ သူဟာ ပန်းထိမ် ဆရာမို့ ရွှေထည်ပစ္စည်း လုပ် စရာရှိရင် သူ့ဆီလာခဲ့ဖို့ ပြောပြီး ထွက်သွားသတဲ့။
ဒီလိုဆိုတော့လည်း ကျေနပ်စရာပါလား။
တစ်နေ့ ပုဏ္ဏားကြီးဟာ ကျားဆီကို သွားဖို့ ဆုံးဖြတ်လိုက်တယ်။


ကျားဆီရောက်တော့ ကျားက ပုဏ္ဏားကြီးကို ရွှေထည်ပစ္စည်းတွေ ပေးလိုက်တယ်။ မင်းသားတစ်ပါးကို သူကိုက်သတ်လိုက်လို့ ကျန်ခဲ့တဲ့ မင်းသားရဲ့ လက်ဝတ်တန်ဆာတွေလို့ ပြောပြတယ်။
ပုဏ္ဏားကြီးဟာ ကျားပေးတဲ့ရွှေကို ထုခွဲဖို့ ပန်းထိမ်ဆရာဆီကိုသွားပြီး ပြလိုက်ရာ ပန်းထိမ်ဆရာဟာ တခြားကိုပြပေးမယ်ဆိုပြီး ရှင်ဘုရင်ထံသွားပြလေတယ်။ ဒါ့ပြင် မင်းသားလေးကို ပုဏ္ဏားကြီး သတ်လိုက်ကြောင်း လျှောက်တင်တဲ့အခါ ရှင်ဘုရင်က ပုဏ္ဏားကြီးကို အကျဉ်းချထားလိုက်တယ်။
ပုဏ္ဏားကြီးလည်း မြွေကိုတမ်းတလိုက်ရာ မြွေရောက်လာလေတယ်။
ပုဏ္ဏားကြီးက သူ့ကိုကယ်ဖို့ ပြောတော့ မြွေက ဆေးမြစ်တစ်ခုကို ပေးလိုက်ပြီး...
အဲဒီမြွေဆိပ်ဖြေဆေးပါ။ ဒီဆေးမြစ်နဲ့တို့လိုက်ရင် မြွေဆိပ်ပြေတယ်။
ကျွန်ုပ် နန်းတော်ထဲဝင်ပြီး မိဖုရားကြီးကို ကိုက်မယ်။ တခြားမြွေဆရာတွေကုရင်လည်း မရအောင်လည်း လုပ်ထားမယ်။ သင် ဒီဆေးမြစ်နဲ့ ကုသပေးလိုက်ပါ။
မြွေဟာ မိဖုရားကြီးကိုပေါက်ပြီး ထွက်သွားတယ်။ ဘုရင်ကြီးက မြွေဆရာတွေကို ခေါ်ပြီးကုခိုင်းပေမဲ့ ပိုဆိုးလာတယ်။ ပုဏ္ဏားကြီးက သူပျောက်အောင် ကုသပေးပါ့မယ်လို့ ဘုရင်ကြီးကို လျှောက်တင်လိုက်တယ်။
ဘုရင်က ကုသခွင့်ပေးလိုက်တဲ့အခါ ပုဏ္ဏားကြီးက မြွေပေးထားတဲ့ ဆေးမြစ်နဲ့ မိဖုရားကြီးကိုတို့လိုက်တာနဲ့ မိဖုရားကြီးဟာ မာကျန်းအတိုင်း ဖြစ်သွားပါတယ်။ ဘုရင်ကြီးဟာ ဝမ်းသာပြီး ပုဏ္ဏားကြီးကို ဆုလာဘ်တွေ ပေးလိုက်တယ်။
မင်းသားလေးရဲ့ ရွှေထည်တွေကို ဘယ်လိုရလာတယ်ဆိုတာကို အမှန်အတိုင်းပြောပြဖို့ ဘုရင်ကြီးက ပုဏ္ဏားကြီးကိုပြောတဲ့အခါ
ပုဏ္ဏားကြီးက ကျားကြီးထံမှ ရခဲ့ကြောင်းကို ပြောလိုက်တယ်။
အကြောင်းစုံသိသွားတဲ့ ဘုရင်ကြီးဟာ ပန်းထိမ်ဆရာကို အကျဉ်းချလိုက်ပြီး ပုဏ္ဏားကြီးကို ပုရောဟိတ်အရာပေးလိုက်တော့တယ်တဲ့။
ပြီး




R.517

အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်၊ စာတည်းမှူးချုပ် ဦးတိုးကျော်က မှတ်ပုံတင်အမှတ် (၀၀၉၆၁) ဖြင့်
ဗိုတိုလစ်သိုပုံနှိပ်စက်ရုံတွင် ရိုက်နှိပ်၍ မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။